
mgyoe.com
စိတ်ကူးချိုချိုအစုပညာ

# လင်းယုန်သစ်လွင်

# တာပေခရီးအစနှင့် ဘဝအတွေ့အကြုံများ




mgyoe.com

mgyoe.com

နောင်အခါတွင် ကျွန်တော် သုံးသပ်ကြည့်မိပါသည်။ မဂ္ဂဇင်းတိုက်များ၊ စာပေတိုက်များသို့ ရောက်ရှိကြသူတိုင်းလည်း စာပေအနုပညာ၌ စိတ်ဝင်စားသူချည်းမဟုတ်ကြပါ။ ဆင်းရဲငြိုငြင်လှသော စာရေးဆရာ တစ်ယောက်ဖြစ်ရေး၌လည်း မမက်မော မဖက်တွယ်လိုကြပါ။ ကျွန်တော် စာပေနယ်ထဲဝင်ရောက်သည့်အချိန်က ယင်းသို့လျှင် မဂ္ဂဇင်းတိုက်၊ ဂျာနယ်တိုက်၊ သတင်းစာတိုက် တစ်ခုခုတွင် ဝင်ရောက် ကပ်မိရပ်မိဖို့ကလည်း လွယ်ကူသည်တော့ မဟုတ်ပါ။ ကျွန်တော်လည်း လင်းယုန်သတင်းစာ ပထမထုတ်စဉ်က အလုပ်သမားလှုပ်ရှားမှုသတင်းများ၊ ဖျန်ဖြေရေးခုံရုံးသတင်းများကို စေတနာ့ဝန်ထမ်း(အကျိုးဆောင်သတင်းထောက်) အဖြစ် အချိန်ကြာမြင့်စွာ ရေးသားပြီးမှ လင်းယုန်ဂျာနယ်တိုက်သို့ ဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

မဂ္ဂဇင်းတိုက်၊ ဂျာနယ်တိုက်၊ စာပေတိုက်တစ်ခုခုသို့ ရောက်သည့်အခါ၌လည်း စာပေသမားတစ်ယောက်၊ စာရေးဆရာ အငယ်စားတစ်ယောက် ဖြစ်ရှိ ရောက်ရှိရေးအတွက် ဆက်လက်၍ ကြိုးပမ်းအားထုတ်ရပါသည်။ စာပေကျွန်၊ စာရေးဆရာတပည့်အဖြစ်တွင် ဇွဲနပဲကြီးမားစွာဖြင့် မိမိ၏ဘဝကို ပုံအောထားရပါသည်။ ယနေ့ခေတ်နှင့် ကွာခြားပါသည်။




ISBN 9789997117663
FIC142
9 789997 117663
1,000.00KS

mgyoe.com

စာပေခရီးအစနှင့်ဘဝအတွေ့အကြုံများ၊ လင်းယုန်သစ်လွင်
မျက်နှာဖုံးဒီဇိုင်း - unsplash image
တမျက်နှာ ၈၆ မျက်နှာ၊ ၁၀ • ၂ စင်တီ× ၁၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

နှစ် ၂၀ ပြည့် အမှတ်တရစာမွန်

# စာပေခရီးအစနှင့် ဘဝအတွေ့အကြုံများ

လင်းယုန်သစ်လွင်

ပထမအကြိမ်၊ ၂၀၀၉

mgyoe.com

mgyoe.com

စာရေးဆရာကြီး လင်းယုန်သစ်လွင်၏
နောက်ပိုင်းအချိန်များတွင်
ပြန်လည်ရေးသားမှတ်တမ်းတင်ခဲ့သော
စာပေဘဝ အတွေ့အကြုံ ဆောင်းပါး ၃ ပုဒ်နှင့်
သီးခြားခေါင်းစဉ် ၁ ပုဒ်၊ ပေါင်း ၄ ပုဒ်ကို
စုစည်းခြင်း ဖြစ်ပါသည်။
၁၉၈၉/၉၀ ကာလ စာပေဂျာနယ်များတွင်
ဖော်ပြခဲ့ပါသည်။ ဆရာကြီးတို့ခေတ်
စာပေရပ်ဝန်းကို လေ့လာနိုင်မည့်
သမိုင်းမှတ်တမ်းတစ်ခုအဖြစ် တင်ဆက်ပါသည်။

mgyoe.com

mgyoe.com

# စာပေခရီးအစနှင့် ဘဝအတွေ့အကြုံများ

## [ ၁ ]

၁၄၊ နိုဝင်ဘာ၊ ၁၉၇၅။

နံနက်မိုးသောက်၍ အိပ်ရာမှ နိုးထပြီဆိုလျှင်ပင် ထိုတစ်နေ့တာအဖို့ သွားလာလုပ်ရှားခြင်းပြုရမည့် လူမှုကိစ္စတာဝန်များက မိမိခေါင်းထဲသို့ အလျှိုလျှို ဝင်ရောက်၍လာပါသည်။

သည်နေ့အဖို့ ဦးစွာပထမ သွားရမည်မှာ မော်ကွန်းရုပ်ရှင်။ ယင်းကိစ္စသည် မနေ့က ညဦးပိုင်းအိပ်ရာမဝင်မီကပင် မိမိခေါင်းထဲ၌ တေးမှတ်ထားပြီးဖြစ်သည်။ မော်ကွန်း ရုပ်ရှင်တွင် ကိုသန်းဆွေ (စာရေးဆရာသိခ်) နှင့်တွေ့ဆုံရန်ကိစ္စတစ်ခုက ရှိနေသည်။

mgyoe.com

mgyoe.com


မော်ကွန်းရုပ်ရှင်တည်ရာသည် ကုက္ကိုင်းသာသနာ့ရိပ်သာလမ်း (ဟာမစ်တစ်လမ်း)။ ကိုသန်းဆွေနှင့်တွေ့ဖို့ကလည်း အစောဆုံး ၁၀ နာရီ။ ရုံးချိန်အတွင်းသွားလျှင် ဖြစ်သည်။ ကိုသန်းဆွေက ရုံးဝန်ထမ်း။ ယခု ခြောက်နာရီသာသာလေး၊ အချိန်က အတော်ပင်စောနေသေးသည်။

သည်တွင် မိမိခေါင်းထဲသို့ အတွေးတစ်ခု ဝင်ရောက်လာသည်။

သာသနာ့ရိပ်သာလမ်းတွင် ဆရာ သိန်းဖေမြင့်ရှိသည်။ ထိုအခါ အချိန်ကလေး ရတုန်းရခိုက် ခရီးလမ်းလည်း သင့်ကြုံခိုက် မတွေ့ရသည်မှာ ကြာပြီဖြစ်သော ဆရာသိန်းဖေမြင့်နှင့် ဝင်ရောက်တွေ့ဆုံရန်ဟူသော ရည်ရွယ်စိတ်ကူးချက် ဖြစ်လေသည်။

ယင်း စိတ်ကူးရှိသောကြောင့်လည်း မိမိသည်ခုနစ်နာရီ မထိုးမီပင် နေအိမ်မှထွက်ခဲ့၏။ ၁၄ ကားနှင့် အမှတ် ၇ ကား နှစ်ဆင့်စီးပြီးမှ သာသနာ့ရိပ်သာလမ်း ရောက်၏။ အချိန် စောစီးသေးသည် တစ်ကြောင်း၊ မဟာစည် ဆရာတော်ဘုရား၏ ဝိပဿနာရိပ်သာတည်ရှိရာ ဖြစ်သည် တစ်ကြောင်းမို့ ဝန်းကျင်တစ်ခုလုံးအေးချမ်းငြိမ်ဆိတ်နေ၏။ ဝဲယာ တစ်ဖက်တစ်ချက်ရှိသစ်ပင် ဝါးပင်ကြီးများသည် လေမတိုးမတိုက်သဖြင့်

mgyoe.com

mgyoe.com



ထိးတည်းမားမား ငြိမ်သက်နေသည်မှာလည်း ရင့်ကျက်သော သမာဓိရ ယောဂီပုဂ္ဂိုလ်ကြီးများ အလား မှတ်ထင်ဖွယ် ရှိနေ၏။

မိမိသည်နေအိမ်ကထွက်လာစဉ် လမ်း တစ်လျှောက်လုံး ၁၄ ကားနှင့် ၇ ကားပေါ် လိုက်ပါလာစဉ် တစ်လျှောက်လုံး၊ သာသနာ့ရိပ်သာ လမ်းထဲဝင်မိသည် တစ်လျှောက်လုံး ဆရာသိန်းဖေမြင့် နေအိမ်မရောက်မီ စပ်ကြား ဆရာသိန်းဖေမြင့်အကြောင်းများကိုသာ ထပ်တလဲလဲ အစဉ်တစိုက် အတွေးဝင်လာခဲ့မိလေသည်။

ယင်းအတွေးများအနက် အများဆုံး အတွေးရောက်ခဲ့သည်မှာလည်း မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးတွင် (၁၉၅၇–၅၈)ခုနှစ်၊ ဒုတိယအကြိမ်အဖြစ် ဆရာသိန်းဖေမြင့် ဥက္ကဋ္ဌအဖြစ် ပြန်လည်ဆောင်ရွက်သော အချိန်ကာလတစ်ခု၏ လုပ်ကိုင်ဆောင်ရွက်ချက်များကိုပင် ဖြစ်လေသည်။

တကယ်ဆိုတော့ စာပေလောကသားချင်းပင်ဖြစ်ငြားလည်း စောစောပိုင်းအချိန်ကမူ မိမိသည် ဆရာသိန်းဖေမြင့်နှင့် တရင်းတနှီး မရှိခဲ့။ တွေ့ကြဆုံကြလျှင်လည်း ပြုံးကာရယ်ကာ နှုတ်ဆက်ရုံလောက်သာ ရှိခဲ့ကြ၏။ ထိုအခါ ဆရာသိန်းဖေမြင့်၏ အတွင်းသဘောကိုလည်း မိမိသည် အလေးအနက် မသိခဲ့။

mgyoe.com

mgyoe.com



လူပြောသူပြောလောက်နှင့်သာ ဟိုတစ်စ သည်တစ်စ သိရသော သိန်းဖေမြင့်။

ထိုအတွင်း ဆရာသိန်းဖေမြင့်နှင့် မိမိ တရင်းတနှီး ဖြစ်ဖို့ အကြောင်း ဆုံစည်းလာပါသည်။ ယင်း အကြောင်းမှာ မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီး တွင် ဥက္ကဋ္ဌအဖြစ် ဆရာသိန်းဖေမြင့် ဒုတိယအကြိမ် ပြန်လည်၍ အရွေးခံရခြင်း (၁၉၅၇–၅၈) နှင့် ယင်းနှစ် အမှုဆောင်အဖွဲ့တွင် မိမိသည် အမှုဆောင်အဖွဲ့ဝင် တစ်ယောက်ဖြစ်လာခြင်းပင် ဖြစ်လေသည်။

၁၉၅၆–၅၇ ခုနှစ် မြန်မာနိုင်ငံ စာရေးဆရာ အသင်းကြီး၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်း အဝေးကို ဘုရားလမ်း ဆန်းမုန့်တိုက်တွင် ကျင်းပ ပြုလုပ်ခဲ့သည်။

ထိုအကြောင်း ကြေးမုံသတင်းစာ ၂၆–၈–၅၇ တနင်္လာနေ့ထုတ်တွင် ခေါင်းကြီးပိုင်းနှင့်တကွ အောက်ပါ အတိုင်း ဖော်ပြထားလေသည်။

> **စာရေးဆရာ အိုနာစာ ကိစ္စ**
>
> စာရေးဆရာ နှစ်ပတ်လည် ညီလာခံ၌
>
> ပြောဆိုခြင်း
>
> (ရန်ကုန် ဩဂုတ်လ ၂၅)
>
> ယနေ့ ၁၂ နာရီက ရန်ကုန်မြို့ ဘုရား

mgyoe.com

mgyoe.com



လမ်း ဆန်းကိတ်မုန့်တိုက်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း သင်းလုံးကျွတ် နှစ်ပတ်လည် ညီလာခံကျင်းပရာ ယဉ်ကျေးမှုဗိမာန် ညွှန်ကြားရေးဝန် ဦးသာမြတ်၊ ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန်ဟောင်း ဦးယော (ဆရာဇေယျ)၊ သံအမတ်ကြီးဟောင်း ဦးမြစိန်နှင့် စာရေးဆရာများ စုံညီ တက်ရောက်ကြ၏။

ဥက္ကဋ္ဌ ဦးသိန်းဖေမြင့်က မိန့်ခွန်း ပြောကြားရာ၌ စာရေးဆရာအသင်းတွင် အချင်းချင်း ဝါဒရေးရာ အယူအဆ ဂိုဏ်းဂဏ စိတ်ဓာတ်များပယ်ရှားပြီး စာပေစိတ်ဖြင့်သာ လုပ်ကိုင် ဆောင်ရွက်ကြရန် အကျယ်တဝင့် ပြောကြားသွားသည်။

ဧည့်သည်တော်များကိုယ်စား ဆရာဇေယျက ဂျပန်ခေတ်မှစတင်၍ အခက်အခဲ အမျိုးမျိုးကြားမှ ဖွဲ့စည်းတည်ထောင်ခဲ့ရသော မြန်မာနိုင်ငံ စာရေးဆရာ အသင်းကြီး၏ ရာဇဝင်ကို အသေးစိတ်ပြောကြားသွား၏။

ငင်းပြင် စာရေးဆရာအိုကြီးများ

mgyoe.com

mgyoe.com


အတွက် 'အိုနာစာရန်ပုံငွေ' မရှိသောကြောင့် စာမရေးနိုင်တော့သည့် တစ်နေ့တွင် ဒုက္ခနှင့် ရင်ဆိုင်တွေ့ကြုံရမည် ဖြစ်ကြောင်း။

နိုင်ငံရပ်ခြားတွင် စာရေးဆရာ သက်ကြီးအိုများအတွက် အိုနာစာ ရန်ပုံငွေ ရှိသောကြောင့် သက်သာရာရကြောင်း၊ မြန်မာနိုင်ငံ စာရေးဆရာ အသင်းကြီးကလည်း မြန်မာစာရေးဆရာများအတွက် အိုနာစာရန်ပုံငွေ ထားရှိသင့်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသွား၏ ။

ထို့နောက်

၁၉၅၇–၅၈ ခုနှစ်အတွက်

ဥက္ကဋ္ဌ ဦးသိန်းဖေမြင့် (ယခင်နှစ် ဥက္ကဋ္ဌ)၊ ဒုဥက္ကဋ္ဌများအဖြစ် မောင်ထင်၊ ဇဝန၊ အတွင်းရေးမှူး ခင်မောင်ရီ၊ တွဲဖက် ဒေါင်းနွယ်ဆွေ၊ ငွေထိန်း ဒဂုန် ဦးလှဘေ စာရင်းစစ် ဦးလှသောင်း။

အမှုဆောင်များအဖြစ် မွန်း(ခတ)၊ အောင်လင်း၊ မင်းအောင်၊ ဘဝင်း၊ တက္ကသိုလ် ညွန့်ဦး၊ ပါရဂူ၊ လင်းယုန်သစ်လွင်၊ စီးပွား

mgyoe.com

mgyoe.com



ရေးမြင့်ဦးတို့ ပါဝင်သော အမှုဆောင်
အဖွဲ့ကို ရွေးကောက်တင်မြှောက်ကြ၏။

စင်စစ်မူ ဥက္ကဋ္ဌ ဦးသိန်းဖေမြင့် ပြောကြားသွားသော မိန့်ခွန်းနှင့် ဆရာဇေယျ ပြောကြားသွားသော စာရေးဆရာများ၏ အိုနာစာကိစ္စမှာ အတော်ပင် အသေးစိတ်ကျပါသည်။ အတော်ပင်ပြည့်စုံလှပါသည်။ ဆရာဇေယျသည် စာရေးဆရာများ အိုနာစာကိစ္စ၊ စာရေးဆရာများ ဘဝ ရပ်တည်နိုင်ရေးအတွက် အလေးအနက် ကြောင့်ကြ စိုးရိမ်ကြဟန် ရှိပါသည်။

အစည်းအဝေးတွင် ဆရာဇေယျ၏ မိန့်ကြားချက်ကို နားထောင်ရင်းမှ မိမိကြုံခဲ့ဖူးသည့် ဖြစ်ရပ်တစ်ခုကိုလည်း စာရေးသူ အမှတ်ပြုမိပါသည်။

၁၉၄၉–၅၀ ခုနှစ်လောက်က ထင်ပါသည်။ အတိအကျ မမှတ်မိတော့ပါ။

ထိုစဉ်က မိမိသည် လင်းယုန်သတင်းစာတွင် အလုပ်သမား သတင်းထောက်အဖြစ် သတင်းနှင့် ဆောင်းပါးများ ရေးသားနေခိုက် ဖြစ်ပါသည်။ တစ်နေ့တွင်မူ မိမိ၏ သတင်းထောက် မှတ်ပုံတင်ကတ်ပြားအတွက် ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန် ဆရာဇေယျ၏ ရုံးခန်းရှိရာ ပန်းဆိုးတန်းသို့ သွားရောက်ပါ

mgyoe.com

mgyoe.com


သည်။

မိမိသည် ညွှန်ကြားရေးဝန် ဆရာဇေယျ အခန်းတွင်းသို့ စွတ်ဝင်ခဲ့သည်။

'လာဟော့၊ ဘာကိစ္စ'

ပြုံးပြုံးရယ်ရယ်ကြီး ဆီးကြိုမေးမြန်းလိုက်သော ညွှန်ကြားရေးဝန် တစ်ယောက်၏ ဖော်ရွေမှုကို မိမိ အံ့သြခြင်း ဖြစ်ရပါသည်။ စင်စစ် ထိုစဉ်က ဆရာဇေယျ နှင့် မိမိသည် လူချင်းသိကြသေးသည်တော့ မဟုတ်ပါ။

'ကျွန်တော့် သတင်းထောက်မှတ်ပုံတင်လေး လက်မှတ်ထိုးပေးပါ ဆရာ'

မိမိက သူ့စားပွဲအနီး မတ်တတ်။

'ထိုင်လေကွာ၊ မတ်တတ်ကြီး။ ကိုယ့်လူက သတင်းစာဆရာ လုပ်မယ့်လူ သတ္တိရှိရှိပေါ့'

မိမိသည် အသင့်ယူလာသောစာရွက်ကို ဆရာဇေယျရှေ့ စားပွဲပေါ် ချပေးလိုက်ပြီး မျက်နှာချင်းဆိုင်တွင် ဝင်ရောက်ထိုင်လိုက်ပါသည်။

ဆရာဇေယျသည် သူ့လက်က ဆေးပြင်းလိပ်ကို ပြာခွက်ထဲ ထည့်လိုက်သည်။ စာရွက်ကို ဖတ်ကြည့်ပြီး

'လင်းယုန်သတင်းစာထဲက အလုပ်သမားသတင်းတွေ ဆောင်းပါးတွေက ကိုယ့်လူလက်ချက်ကိုး'

'ဟုတ်ပါတယ် ဆရာ'

mgyoe.com

mgyoe.com


စာရွက်ပေါ် ဆရာဇေယျ လက်မှတ် ရေးထိုးပေးသည်။ 'အပြင်မှာ တံဆိပ်တုံး ရိုက်လိုက်ဦး၊ ဒါမှ အလုပ်စည်းကမ်း ရုံးစည်းကမ်းနဲ့ ညီညွတ်မှာကိုး'

စာရွက်ကို ပြန်ပေးရင်းပြောပါသည်။

'ဟုတ်ကဲ့ ဆရာ'

မိမိထိုင်ရာမှ ထလိုက်သည့်အခါ ဆရာဇေယျက နောက်ထပ်ပြီး စကားတစ်ခွန်း ပြောပါသည်။

'သတင်းစာဆရာတို့၊ စာရေးဆရာတို့ဆိုတာ အိုကြီး အိုမ ဖြစ်လို့ စာမရေးနိုင်ရင်တော့ ဒုက္ခရောက်တတ်တာပဲ။ အဲဒါတော့ သတိထား ကိုယ့်လူ၊ နိုင်ငံခြားမှာဆိုရင်တော့ ကိစ္စမရှိဘူး'

'ဟုတ်ကဲ့ ဆရာ'

မိမိသည် ထိုစဉ်အခါကပင် စာရေးဆရာများ အပေါ် ထားရှိသော ဆရာဇေယျ၏ စေတနာကို နားလည်ခဲ့ရပါသည်။

ဆရာသိန်းဖေမြင့်အကြောင်း ဆက်လက်၍ ပြောပါဦးမည်။

ဆရာသိန်းဖေမြင့်သည် စာရေးဆရာများ စည်းစည်းလုံးလုံး ရှိစေချင်သည်။ မြန်မာစာရေးဆရာ လောက၊ မြန်မာစာပေလောကအား ကမ္ဘာသိ ဖြစ်စေချင်သည်။ စာပေ စေတနာကောင်း ရှိသူဖြစ်သည်။

mgyoe.com

mgyoe.com


နိုင်ငံရေးသမား သိန်းဖေမြင့်က တခြား၊ စာရေးဆရာ သိန်းဖေမြင့်က တခြား။ ယင်းသို့သော စိတ်နေသဘော ထားမျိုး သူ့၌ရှိသည်ဟု စာရေးသူ ယူဆမိပါသည်။

အကြောင်းမဲ့ မဟုတ်ပါ။

'တို့မှာက အလုပ်တစ်ခုလုပ်မယ်ကြံရင် ပုဂ္ဂိုလ်ရေး ကိစ္စတွေက တယ်များတာကိုးကွ။ ဒါနဲ့ပဲ လုပ်ရမယ့် အလုပ်တွေဟာ အချိန်ကုန်ပြီး ဘာမှ ခရီးမရောက်တော့ ဘူး'

တစ်ကြိမ်က စာရေးသူအား ဆရာသိန်းဖေမြင့် ပြောဖူးသည့်စကား။

နောက်ပိုင်း တစ်နှစ်လုံးလုံး သူနှင့်တွဲလာရသည့် အခါ သူ့စေတနာ သူ့သဘောထားများကို တစ်စစ သိလာရပါလေသည်။ သူသည် အစက မိမိ ထင်မြင် ယူဆထားသလို ဘဝင်ကိုင်သူတစ်ယောက်၊ မာနခက် ထန်သူတစ်ယောက် မဟုတ်ပါ။ တိကျပြတ်သားသူ၊ ပြောစရာ ဝေဖန်စရာရှိလျှင် ပွင့်ပွင့်လင်းလင်း ပြောတတ် ဝေဖန်တတ်သူ။

သူ့ကို ပြောဆိုဝေဖန်ခဲ့လျှင်လည်း ပြုံးပြုံးရွှင်ရွှင် လက်ခံနိုင်သူ၊ ခံနိုင်ရည်ရှိသူ တစ်ယောက်ဖြစ်လေ သည်။

ကြည့်လေ။

mgyoe.com

mgyoe.com



'မင့် ဘုံကျွန်ဝတ္ထုက ဟုတ်တော့မလိုလို တစ်လျှောက်လုံး သယ်လာပြီး ဇာတ်သိမ်းပုံ ရှော်တာပဲကွ။ မင်း ဇာတ်ကောင် 'သာလှ' ဟာ ထွက်ပေါက်မရှိဘဲ ဆေးရုံပေါ်ရောက်တာနဲ့ ဇာတ်သိမ်းထားတာ မဖြစ်သင့်ဘူး။ သရုပ်မှန်စာပေလို့ ပြောရင်လည်း မင်း အတော်ညံ့သေးတာပဲ'

ရေကျော် နှင်းပန်းလမ်းရှိ ဆရာကြီးဒဂုန်ဦးလှဘော နေအိမ်၊ စာရေးဆရာအသင်း အမှုဆောင်အစည်းအဝေးပွဲ တစ်ခုအပြီးတွင် 'ဘုံကျွန်' ကို ယင်းသို့ မညှာမတာ ဝေဖန်ခဲ့သည်။

'သီတာသောင်ခြေဦး' နှင့် ပတ်သက်၍လည်း သူနှင့် ကျွန်တော် သဘောထားကွဲလွဲခဲ့သည်။

'မင်း ဝတ္ထု သီတာသောင်ခြေဦးက အားလုံးကောင်းနေတယ်။ လစ်ဗရယ်ဝါဒ (Liberalism) ဆန်တယ်ကွ။ အဲဒါတော့ မင်းအနေနဲ့ စဉ်းစားရမယ်'

၁၉၆၄ ခုနှစ် စာပေဗိမာန် အနုပညာစာပေဆုပေးပွဲတွင် သီတာသောင်ခြေဦး ဝတ္ထုအပေါ် ပြောကြားသည့် ခရီးမတ်တတ် ဝေဖန်ချက်။

သူ့ဝေဖန်ချက်ကို ရုတ်တရက် မိမိ ဘဝင်မကျဖြစ်ခဲ့ပါသည်။ နောက် မိမိဘာသာ ခေါင်းအေးအေးနှင့် ပြန်လည် စဉ်းစားသည့်အခါ သူ့ဝေဖန်ချက် မှန်ကန်

mgyoe.com

mgyoe.com



သည်ဟု ယူဆပါသည်။

'ဓမ္မဝိလာသ' နှင့် ပတ်သက်၍လည်း သူ့အယူအဆကို ပွင့်လင်းစွာ ပြောပါသည်။

'ဓမ္မဝိလာသ ငါဖတ်ပြီးပါပြီကွာ။ အနုစိတ်လွန်းတယ်။ ဒါလောက် အနုစိတ်စရာ မလိုဘူးထင်တယ်။ မင်း ပြောချင်တာ ဒီလောက် အနုမစိတ်ဘဲ ပြောနိုင်သားပဲ။ အနုစိတ်လွန်းတော့ လိုရင်း တော်တော်နဲ့ မရောက်ဘူး။ ဖတ်ရတာ တပင်တပန်းကြီးကွာ'

ယင်းသို့လျှင် စာရေးသူ၏ ဝတ္ထုများအပေါ် ဝေဖန်ပြောကြားတတ်သလို

'ဟော့ လင်းယုန်သစ်လွင်။ ဗိုလ်တထောင်သတင်းစာထဲက ငါ့ဆောင်းပါးတွေ ဖတ်မိသလား။ ဘယ်လိုနေလဲ'

တစ်ခါက ဗိုလ်တထောင်သတင်းစာတိုက် အယ်ဒီတာချုပ် အခန်းထဲ ရောက်သွားသည့်အခါ ဗြန်းစားကြီး မေးမြန်းပါလေသည်။

'ဖတ်တာပေါ့ဆရာ။ ပြည်တွင်းကိစ္စ ဆောင်းပါးတွေအပေါ် ကိုယ့်အမြင် သူ့အမြင် ပြောစရာမရှိပါဘူး။ ပြည်ပ နိုင်ငံရေး ဆောင်းပါးတွေဟာ မြင့်လွန်းနေသလားပဲ၊ ကျွန်တော်တို့ သတင်းစာဖတ် လူများစုဟာ ကမ္ဘာ့နိုင်ငံရေးအပေါ် သိပ်သဘောမပေါက်သေးတော့

mgyoe.com

mgyoe.com



အလွယ်ဆုံး အရှင်းဆုံးရေးမှ တော်ကာကျမယ်ထင်တာပဲ။ ရန်ကုန်သတင်းစာ 'ဦးရန်ကုန်' နဲ့ 'စပ်ဖြ' အခန်းကို ပရိသတ် အတော်သဘောကျတယ်'

'အေးကွ၊ ဖြစ်နိုင်တယ်၊ ဗိုလ်တထောင်စောင်ရေ သိသိသာသာ တက်မလာသေးဘူး။ မင်းပြောတာ အသေအချာ ငါ ပြန်သုံးသပ်ရမယ်' ဟု မာနကင်းစွာ လက်ခံသူတစ်ယောက်။

'သီတာပြုံးဟာ စိတ်ကူးယဉ် ဆန်လွန်းတယ်။ ကြည့်ရင်းက စိတ်ပျက်လာတယ်။ ရုံထဲကထွက်လာပြီး ကျွန်တော့်ဇနီးမေးတော့ ဘာမှန်းလည်း မသိဘူး၊ မကြိုက်ပါဘူးလို့ ပြောတယ်ဆရာ'

သီတာပြုံးကြည့်ပြီး ယင်းသို့ပြောမိသည်။

မည်သို့မှ သူ ပြန်မပြော။ ခပ်ပြုံးပြုံး ခေါင်းဆတ်နေသည်။

ထိုနှစ် ၁၉၅၇–၅၈ အမှုဆောင်အဖွဲ့အကြောင်းကိုလည်း အထိုက်အလျောက် တင်ပြပါဦးမည်။

ယင်းနှစ်က အမှုဆောင်အဖွဲ့၏ ပထမဆုံး အစည်းအဝေးကို ၃၁–၈–၅၇ နေ့တွင် ဥက္ကဋ္ဌနေအိမ်တွင် ကျင်းပပြုလုပ်သည်။ နံနက်စာ ဥက္ကဋ္ဌက ကျွေးမွေးသည်။ ပဲထမင်း ဆိတ်သားဟင်း။

စားသောက်ပြီးလျှင် အစည်းအဝေးကို ထိုင်ကြ

mgyoe.com

mgyoe.com



သည်။

နာယကကြီးများ ရွေးသည်။ ဥပဒေအကြံပေး၊ ဂုဏ်ထူးဆောင်၊ စာရင်းစစ် စသည် ရွေးချယ်ကြသည်။ 'ဆရာကြီး သခင်ကိုယ်တော်မှိုင်း' သည် စာရေးဆရာ အသင်းကြီး၏ နာယကနှစ်ဦးအနက် တစ်ဦး ဖြစ်သည်။

နောက်တော့ လုပ်ငန်းအလိုက် အဖွဲ့ငယ်များ ဖွဲ့ကြသည်။

ဟောပြောဆွေးနွေးပွဲ အဖွဲ့။

အဆောက်အအုံ အဖွဲ့။

စာကြည့်တိုက် အဖွဲ့။

နိုင်ငံခြားဆက်ဆံရေး အဖွဲ့။

ထိုနှစ် အမှုဆောင်အဖွဲ့သည် နိုင်ငံခြားဆက်ဆံရေးအနေနှင့် ရုမေးနီးယားပန်းချီဆရာ 'ဂရူရော ရက်စကီး' ၏ ပန်းချီရုပ်ရှင်ကားကို စာရေးဆရာ၊ ပန်းချီဆရာများအား ဖိတ်ကြား၍ ဆန်းကိတ်မုန့်တိုက်တွင် ပြသခဲ့သည်။

မြန်မာပြည်သို့ ရောက်ရှိလာသော ဆိုဗီယက်ယူနီယံ စာရေးဆရာ အသင်းဥက္ကဋ္ဌအဖွဲ့ဝင် 'မစ္စတာ ဗာဗာရားစကီး' အား အမှုဆောင်အဖွဲ့မှ ကျွေးမွေးဧည့်ခံပွဲတစ်ရပ် ကျင်းပခဲ့သည်။

အိန္ဒိယနိုင်ငံမှ တိဗက်နိုင်ငံသို့အသွား ရန်ကုန်သို့

mgyoe.com

mgyoe.com



ဝင်ရောက်လာသည့် စာရေးဆရာကြီး 'ရာဟုလာ သံကိစ္စည်း' အား ဆန်းကိတ်မုန့်တိုက်တွင် ညှော်ခံပွဲ တစ်ရပ် ကျင်းပခဲ့သည်။

(ယင်းညှော်ခံပွဲတွင် ရာဟုလာသံကိစ္စည်း၏ ဟော ပြောချက်များကို ပါရဂူက ဘာသာပြန်အဖြစ် ဆောင် ရွက်ခဲ့သည်။)

တရုတ်ပြည်မှ ပညာရေးအရာရှိ 'မစ္စတာဝမ်ပို' အား ဥက္ကဋ္ဌ၏ နေအိမ်တွင် ဖိတ်ကြား ညှော်ခံခဲ့သည်။

ယင်းသို့လျှင် အပြင်အပ နိုင်ငံများနှင့် ဆက်ဆံ ရေး ရင်းနှီးစေမည့် စာပေရေးရာ အနုပညာရေးရာ လုပ်ငန်းများကို မိမိတို့၏ လက်ရှိ အခြေအနေပေး သလောက် လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် နည်းတူ။

မိမိတို့၏ စာပေယဉ်ကျေးမှု ကိစ္စ၊ စာရေးဆရာ များ၏ ကိစ္စတို့ကိုလည်း ကိုယ်စွမ်း ဉာဏ်စွမ်း စွမ်း အားရှိသည့်အလျောက် ဆောင်ရွက်ခဲ့ကြပါသည်။

ထိုနှစ် အမှုဆောင်အဖွဲ့ သက်တမ်းတွင် စာမူကိစ္စ သုံးခု ပေါ်ပေါက်ခဲ့သည်။

စာရေးဆရာ သုမောင်၏ 'လက်ျာမင်းထင်' ဝတ္ထု နှင့် ပွင့်ဦးရုပ်ရှင်ကိစ္စ။

စာရေးဆရာ လင်းယုန်နီ၏ 'ဆူးနဲ့ မာလာ' ဝတ္ထု နှင့် အောင်သပြေရုပ်ရှင်ကိစ္စ၊

mgyoe.com

mgyoe.com



စာရေးဆရာ မင်းအောင်၏ 'မာန'ဝတ္ထုနှင့် ဘီဝမ်း ဖလင်းကိစ္စ။

အထက်ပါ ကိစ္စရပ်များကို အမှုဆောင်အဖွဲ့သည် အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့သည်။

တောင်တန်းဒေသများသို့ သွားရောက်၍ လူမျိုးစု များ၏ဘဝနှင့် ဓလေ့ထုံးစံ ယဉ်ကျေးမှုများကို လေ့လာ ပြီး စာပေများ ရေးသားပြုစုရန် စာရေးဆရာများအား တောင်တန်းဒေသများသို့ စေလွှတ်ခြင်း ပြုခဲ့လေသည်။

(ယင်းသို့ စေလွှတ်ရာတွင် လူထုပညာရေးဌာနမှ နေထိုင်စရိတ် သွားလာစရိတ် စားသောက်စရိတ်များ ကျခံခဲ့သည်။)

၁၉၅၈ ခု ဧပြီလ (၇) ရက်မှ (၉) ရက်ထိ မော်လမြိုင်မြို့တွင် ကျင်းပ ပြုလုပ်သော မွန် အမျိုးသား များ 'မွန်ယဉ်ကျေးမှု ညီလာခံ'သို့ အမှုဆောင်အဖွဲ့မှ ကိုယ်စားလှယ် ၃ ဦး စေလွှတ်ခဲ့သည်။

နာမှုကိစ္စတွင် ဆရာကြီး ဒဂုန်ရွှေမျှား၏ဇနီး ဈာပန၊ မှော်စက်ရှင်၏ ဇနီး ဈာပနသို့ အမှုဆောင်အဖွဲ့ ဝင်များ လိုက်ပါပို့ဆောင်ခြင်း၊ အသင်းမှ ဘတ်စ်ကား ငှား၍ ကူညီခြင်းများ ပြုခဲ့သည်။

mgyoe.com

mgyoe.com



၁၉၅၇-၅၈ ခုနှစ်
ပြည်ထောင်စုမြန်မာနိုင်ငံ စာရေးဆရာအသင်း
အမှုဆောင်အဖွဲ့

**အထွေထွေအတွင်းရေးမှူး အစီရင်ခံစာ**

၁၉၅၇–ခုနှစ်၊ ဩဂုတ်လ ၂၅–ရက် နေ့လယ် ၁၂–နာရီခွဲက ရန်ကုန်မြို့ ဘုရားလမ်း ဆန်းကိတ်မုန့်တိုက်၌ ကျင်းပသော ပြည်ထောင်စု မြန်မာနိုင်ငံ စာရေးဆရာအသင်း နှစ်လယ်ညီလာခံမှ ၁၉၅၇–၅၈ ခုနှစ်အတွက် အမှုဆောင်အဖွဲ့က အောက်ပါအတိုင်း ရွေးကောက်တင်မြှောက်ခဲ့ကြသည်။

| | |
|---|---|
| ဥက္ကဋ္ဌ ... ... | ဦးသိန်းဖေမြင့် |
| ဒုဥက္ကဋ္ဌ ... ... | ဦးထင်ဖတ် |
| ဒုဥက္ကဋ္ဌ ... ... | ဆရာဇဝန |
| အထွေထွေအတွင်းရေးမှူး ... | ခင်မောင်ရီ |
| တွဲဘက် ... ... | ဒေါင်းနွယ်ဆွေ |
| ငွေထိန်း ... ... | ဒဂုန်ဦးလှဘေ |
| စာရင်းစစ် ... ... | ဦးလှသောင်း |
| အမှုဆောင်များ ... ... | မွန်း(ဓာတု) |
| | အောင်လင်း |
| | ဘဝင်း |
| | မင်းအောင် |
| | ဦးသာညွန့် |
| | ပါရဂူ |

mgyoe.com

mgyoe.com



ကဗျာဆရာမကြီး 'ငွေတာရီ' ဈာပနသို့ အမှုဆောင်အဖွဲ့မှ လွမ်းသူ့ပန်းခွေ ပေးပို့ခြင်း၊ လိုက်ပါပို့ဆောင်ခြင်း၊ တာမွေသုသာန်ရှိ 'စာဆိုဗိမာန်' ၌ မြေနေရာပေးခြင်းများ ပြုခဲ့သည်။

နောက်တစ်ခုပြောရန် ကျန်ရှိနေပါသည်။

၁၉၅၇–၅၈ အမှုဆောင်အဖွဲ့၏ သက်တမ်း၌မှာပင် 'အာရှ အာဖရိက' စာရေးဆရာများ ညီလာခံအတွက် 'မြန်မာပြည်ဆိုင်ရာ ပြင်ဆင်မှု' ကော်မတီတစ်ရပ်ကိုလည်း အောက်ပါအတိုင်း ဖွဲ့စည်းပေးနိုင်ခဲ့ပါသည်။

| | | | |
|---|---|---|---|
| ၁။ | အမှုဆောင်အဖွဲ့မှ | ကိုယ်စားလှယ် | ၆ ဦး |
| ၂။ | ကဗျာဆရာအသင်းမှ | ။ | ၂ ဦး |
| ၃။ | ကလောင်သစ်အဖွဲ့မှ | ။ | ၂ ဦး |
| ၄။ | အမျိုးသမီးကလောင်ရှင် | ။ | ၂ ဦး |
| ၅။ | အမှုဆောင်မဟုတ်သော စာရေးဆရာ | ။ | ၃ ဦး |

တို့ ဖြစ်ကြပါသည်။

မိမိသည် အကြောင်းပေါင်းများစွာကို တွေးတောရင်း ဆရာ သိန်းဖေမြင့်၏ အိမ်ဝင်းပေါက် ရောက်လာသည်။

ခြံဝင်းတံခါးကို ဖွင့်လိုက်သည်။ အုတ်လှေကား

mgyoe.com

mgyoe.com



ထစ်များအတိုင်း အိမ်ပေါက်ဝသို့ ဆက်လက်၍ လျှောက်ခဲ့သည်။

သံတံခါးမှ အတွင်းသို့ ကြည့်လိုက်သည်။ တစ်ဦးတစ်ယောက်ကို မတွေ့ရ။ တစ်အိမ်လုံး ဆိတ်ငြိမ်ကမ္ဘာဖြစ်နေသည်။ လူခေါ်ခေါင်းလောင်းကို နှိပ်ရသည်။

ဘောင်းဘီတို၊ အားကစားစပို့ရှပ်၊ မျက်နှာတွင် ချွေးအရွှဲသားနှင့် ဆရာ သိန်းဖေမြင့်။

'နေဦးကွ' တိုင်မှ သော့ကို ယူပြီး တံခါးဖွင့်ပေးသည်။

'မင်း ဘာမှ အလေ့အကျင့် မလုပ်ဘူးလား'

တွေ့မဆိုက် မေးလေသည်။

'အထွေအထူး မဟုတ်ပါဘူး ဆရာ၊ လမ်းလျှောက်တာလောက်ပါ'

ပြောရင်း ဆိုရင်း မိမိသည် အထဲဝင်လိုက်သည်။

'အေး ထိုင်ဦးကွာ၊ ငါ အဝတ်လဲလိုက်ဦးမယ်၊ ဩော် ဒါထက် မင်းကို ပန်းတနော် ဦးခန့်က တွေ့ချင်လို့တဲ့'

'ကြားပါပြီဆရာ၊ ဓမ္မဝိလာသအကြောင်း ပြောကြတာပါ။ နောက်ပြီး ဦးသန့်ဆီ စာအုပ်ပို့ချင် ပို့နိုင်အောင် ဦးခန့်စာ ပုဂံစာအုပ်တိုက်က တစ်ဆင့် ကျွန်တော်ရပါတယ်'

mgyoe.com

mgyoe.com


ကျွန်တော့် စကားအဆုံးတွင် သူ အခန်းထဲဝင်သွားသည်။

ဧည့်ခန်း အကျယ်ကြီးတွင် မိမိသည် တစ်ယောက်တည်း သူ့ကိုစောင့်ရင်း ကျန်ရစ်သည်။

*

မည်သို့ပင်ဖြစ်စေ၊ မိမိတို့သည် အမျိုးသားစာပေနှင့် မျိုးဆက်သစ်များအတွက် မိမိတို့တတ်စွမ်းနိုင်သမျှကိုကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြလေပြီ။ ထိုစေတနာ ထိုရပ်တည် လှုပ်ရှားမှုများနှင့်ပင် မိမိတို့၏ ခေတ်တစ်ခေတ်ကို ကုန်လွန်စေခဲ့သည်ကား အမှန်ပင် ဖြစ်လေသည်။

*

mgyoe.com

mgyoe.com

# [ ၂ ]

ခရစ်နှစ် ၁၉၃၅ သို့မဟုတ် ၁၉၃၆ ခုနှစ်။ ထိုအချိန် ထိုနှစ်လောက်တွင် ရန်ကုန်မြို့ သူရိယသတင်းစာ တိုက်သို့ ကျွန်တော် ရောက်ရှိခဲ့ပါသည်။

သူရိယသတင်းစာတိုက်သို့ ကျွန်တော်ရောက်ရှိပုံ ကလည်း အယ်ဒီတာအဖြစ်၊ သတင်းထောက်အဖြစ်၊ စာရေးစာချီတစ်ယောက်အဖြစ် ရောက်ရှိခဲ့ခြင်းတော့ မဟုတ်။ ထိုခေတ် ထိုအချိန်က ရန်ကုန်မြို့တွင် နာမည် ကြီး လူသိများလှသော ထိပ်တန်း ခါးပိုက်နှိုက်ကြီး များ စာရင်းတွင် တစ်ယောက်အပါအဝင်ဖြစ်သော ဦးရှုပ၏ ပို့ဆောင်ပေးမှုဖြင့် ပုံနှိပ်စက်နောက်ကြည့်

mgyoe.com

mgyoe.com



အလုပ်သမားတစ်ယောက်အဖြစ် ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ ဤသည်ပင် ကျွန်တော်၏ စာပေဘဝခရီးအစဟု ဆိုရပါမည်။

(ခါးပိုက်နှိုက်ကြီး ဦးရှုပနှင့် ကျွန်တော် စတင်ပြီး တွေ့ကြုံဆုံစည်းခဲ့ရပုံများကလည်း မဆန်းလွန်း မရိုးလွန်းသောအဖြစ်ဟု ဆိုရပါမည်။

နာမည်ကျော် ခါးပိုက်နှိုက်ကြီး တစ်ယောက်၏ စိတ်နေသဘောထား၊ သူ၏ မေတ္တာစေတနာ၊ ရတနာသုံးပါး ကြည်ညိုပုံများနှင့် ပြတ်သားသင့်သည့် ကိစ္စများတွင် မည်သို့မည်ပုံ ပြတ်သားစွန့်လွှတ်မှုရှိသည်ဆိုသော အကြောင်းများသည် ဦးရှုပနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်ရှိလှပါသည်။ ထိုအကြောင်းများကို နောက်ပိုင်းတွင် ဆက်လက်တင်ပြသွားပါမည်။)*

အမှန်တော့ ကျွန်တော်သူရိယသတင်းစာတိုက် ရောက်ရှိသော အချိန်သည် ဒုတိယကမ္ဘာစစ်ကြိုကာလ ဖြစ်ပါသည်။ ထိုခေတ် ထိုအချိန်က သူရိယ၊ မြန်မာ့အလင်း စသော သတင်းစာတိုက်ကြီးများသည် စက်ကြီးရိုက် အလုပ်သမားများအပြင် အင့်ကာ (Inker) ခေါ်သည့် စက်ကြီးနောက်ကြည့်အလုပ်သမား တစ်

---

* ဤအစုတွင် ဆက်လက်ရေးသားသည်ကို မတွေ့ရပါ။

mgyoe.com

mgyoe.com



ယောက်ကိုလည်း စက်ကြီးရိုက်အလုပ်သမားနှင့်အတူ ပူးတွဲပြီး ခန့်ထားလေ့ရှိပါသည်။

စက်နောက်ကြည့်၏ အလုပ်မှာ စက်ရိုက်သမားနှင့်အတူ စီပြီး စာဖောင်များကို စက်ပေါ်သို့ အတင်အချပြုလုပ်ပေးရခြင်း၊ စက်ရိုက်နေသည့်အခါ မင်ကျမင်န ကောင်းမကောင်း၊ ညီ မညီကို ကြည့်ရခြင်း၊ စက်ရိုက်နေစဉ်အတွင်း စာဖောင်အတွင်းမှ ခဲစာလုံးများ၊ ဘလောက်တုံးများ ကျွတ်ထွက် မထွက် ကြည့်ရခြင်း၊ အကယ်၍ စက်ရိုက်နေခိုက် မင်အလိုက်နည်းသွားပြီး ခဲစာလုံးများ၊ ဘလောက်များ ကျွတ်ထွက်မည်ဆိုပါက စက်ကိုရပ်စေပြီး မင်ထည့်ရခြင်း၊ ပြုပြင်စရာရှိသည်ကို စက်ရိုက်သမားနှင့်အတူ ပြုပြင်ရခြင်း၊ ရိုက်နှိပ်၍ ပြီးစီးသွားသော စာဖောင်(စက္ကူ)များကို စားဖြတ်စက်သို့ သယ်ပို့ပေးရခြင်း၊ ခဲစာလုံးစာဖောင်ကို ဆပ်ပြာ ရေနံဆီ စသည်များနှင့် ရေဆေးကြောပေးရခြင်း၊ တစ်ပတ်တစ်ခါ နှစ်ပတ်တစ်ခါလောက် အခြေအနေလိုက်၍ ကျွဲကော် မင်လုံးများကို ကျိုရခြင်းစသည်များ ဖြစ်ပါသည်။

စက်နောက်ကြည့်သည် လခစားမဟုတ်ပါ။ နေ့စား အလုပ်သမားဖြစ်သည်။ တစ်နေ့လျှင် သုံးမတ်(၁၂ပဲ)ရရှိသည်။ ပိုက်ဆံ သုံးပဲ တစ်မတ်ရှိလျှင် ထမင်း

mgyoe.com

mgyoe.com


တစ်နပ် စား၍ဖြစ်သော ခေတ်ကာလဖြစ်သည်။ စက်နောက်ကြည့်များ၏ လုပ်ခကို တစ်ပတ်လျှင် တစ်ကြိမ် ဖိုမင်က ရှင်းလင်းထုတ်ပေးသည်။ ထိုစဉ်က သူရိယသတင်းစာတိုက် ဖိုမင်မှာ ဦးဘိုးညွှင်း ဖြစ်သည်။

စက်ရိုက်အလုပ်သမားနှင့် စာစီအလုပ်သမားများမှာ နေ့ဘက်နှင့် ညဘက်နှစ်ဆိုင်းရှိသလို စက်နောက်ကြည့်မှာလည်း နေ့ဘက်လူ ညဘက်လူဟု နှစ်ဖွဲ့နှစ်ဆိုင်း ရှိလေသည်။ နေ့ဘက်စက်ဆရာမှာ ကိုပန်းအေး ဖြစ်၍ ညဘက်စက်ဆရာမှာ ကိုအုန်းဖေဖြစ်သည်။

ထိုအချိန်က သူရိယမဂ္ဂဇင်းမှာ ထိပ်တန်း မဂ္ဂဇင်းတစ်စောင် ဖြစ်နေပြီ။ အတော်ပင် လူကြိုက်များနေပြီ။ စုံထောက်မောင်စံရှားဝတ္ထုများ၊ ဂျမဒါကိုကိုကြီးဝတ္ထုများကိုလည်း သူရိယမဂ္ဂဇင်းတွင် အဆက်မပြတ် ဖော်ပြနေလေပြီ။ မဂ္ဂဇင်းစာဖောင်များကိုမူ သတင်းစာရိုက်သော စက်ကြီးများ၌ပင် ရိုက်နှိပ်ခြင်း ပြုသည်။ အတွင်းဘလောက်များနှင့် ကာလာခေါ် အရောင်အတွက် ဟပ်ဒီမိုင်း စက်ကလေးတစ်လုံးတွင် ရိုက်နှိပ်ခြင်းပြုရာ ယင်းစက်အတွက် စက်နောက်ကြည့်မလိုပါ။ ကိုဘမောင်အမည်ရှိ စက်ဆရာတစ်ယောက်က ရိုက်နှိပ်ခြင်းပြုပါသည်။

mgyoe.com

mgyoe.com


စာစီသမားများကိုမူ မဂ္ဂဇင်း စာစီအဆိုင်း၊ သတင်းစာ စာစီအဆိုင်းဟု သီးခြားဖြစ်ပါသည်။ မဂ္ဂဇင်းစာစီသမား ခေါင်းဆောင်မှာ ကိုဘပု ဖြစ်သည်။ ထိုစဉ်က မဂ္ဂဇင်းစာစီသမားများထဲမှ ယနေ့အထိ ကျွန်တော်နှင့် ရင်းနှီးခင်မင်နေသူတစ်ယောက်ရှိပါသည်။ တခြားသူမဟုတ်ပါ။ ရုပ်ရှင်မျက်မှန် မဂ္ဂဇင်းတိုက်ပိုင်ရှင် စာရေးဆရာ မောင်ရွှေစွန်၏ဖခင် ဦးအောင်သိန်း ဖြစ်ပါသည်။ သူနှင့် ကျွန်တော် သိကျွမ်းခင်မင်ခဲ့ကြသည်မှာ ဘာလိုလိုနှင့် နှစ်ပေါင်း ၄၀ ကျော် ၅၀နီးနီး ကြာရှိခဲ့လေပြီကော။ ယခုအချိန်၌မူ သူက မဂ္ဂဇင်းတိုက် စာပုံနှိပ်တိုက်ပိုင်ရှင်၊ ကျွန်တော်က စာပေသမား စာရေးဆရာ။ အသက်မွေးမှုချင်း ကွဲပြားသော်လည်း နှစ်ဦးစလုံးမှာ စာပေအနုပညာနယ်သားချည်း ဖြစ်နေကြသည်မှာလည်း ဝမ်းသာစရာတစ်မျိုးပင် ဖြစ်ပါသည်။

သူရိယသို့ ကျွန်တော်ရောက်ရှိစဉ်အချိန်က သူရိယသတင်းစာ အယ်ဒီတာချုပ်မှာ ဆရာကြီးရွှေဥဒေါင်း ဖြစ်ပါသည်။ ဦးဘကလေးအမည်ရှိ အယ်ဒီတာတစ်ယောက်လည်း ရှိသေးသည်ဟု ကျွန်တော် အမှတ်ထားမိပါသည်။ အသေအချာတော့ မမှတ်မိတော့ပါ။

mgyoe.com